အသင်ရပ်၍ ဆွလာသ် ဆောက်တည်ပါ အကယ်၍ အသင် (ရပ်၍
ဆွလာသ်ဆောက်တည်ရန်)မစွမ်းနိုင်လျှင် ထိုင်၍
ဆောက်တည်ပါ။ အကယ်၍ အသင် (ထိုင်၍ ဆွလာသ်ဆောက်တည်ရန်)
မစွမ်းနိုင်လျှင် လဲလျောင်း၍ ဆောက်တည်ပါ။
အင်မ်ရာန် ဗင်န် ဟုဆွိုင်န်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ပြောကြားခဲ့သည်။
ကျွန်တော့်တွင် လိပ်ခေါင်းရောဂါရှိနေသည်။ ထို့ကြောင့် ကျွန်တော်သည်
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)အား ဆွလာသ်
ဆောက်တည်မှုနှင့်စပ်လျဉ်း၍ မေးမြန်းလျှောက်ထားခဲ့ရာ ကိုယ်တော်က
မိန့်ကြားတော်မူသည်မှာ- အသင်ရပ်၍ ဆွလာသ် ဆောက်တည်ပါ အကယ်၍ အသင် (ရပ်၍
ဆွလာသ်ဆောက်တည်ရန်)မစွမ်းနိုင်လျှင် ထိုင်၍ ဆောက်တည်ပါ။ အကယ်၍ အသင် (ထိုင်၍
ဆွလာသ်ဆောက်တည်ရန်) မစွမ်းနိုင်လျှင် လဲလျောင်း၍ ဆောက်တည်ပါ။
[صحيح] [رواه البخاري]
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ရှင်းပြတော်မူသည်မှာ ဆွလာသ်၏
မူလအခြေအနေမှာ မတ်တပ်ရပ်၍ ဆောက်တည်ခြင်းဖြစ်သည်။ သို့သော် မတ်တပ်ရပ်ရန်
မတတ်စွမ်းနိုင်သည့် အခြေအနေမျိုးတွင် ထိုင်၍ ဆွလာသ်ဆောက်တည်ရမည်။ ထိုင်၍
ဆွလာသ်ဆောက်တည်ရန် မစွမ်းနိုင်လျှင် လဲလျောင်း၍ ဆောက်တည်ရမည် ဖြစ်သည်။
https://sunnah.global/hadeeth/my/show/10951